# မြန်မာ့အလင်း နိုင်ငံတကာသတင်းပဒေသာ

## တည်ငြိမ်အေးချမ်းစွာ ကျင်းပနိုင်ခဲ့သော မြန်မာနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲကြီးကို တရုတ်ကြိုဆို

**ပေကျင်း နိုဝင်ဘာ ၉**



တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟောင်လီ။

မြန်မာနိုင်ငံတွင် နိုဝင်ဘာ ၇ရက်က ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို တည်ငြိမ်အေးချမ်း အောင်မြင်ချောမောစွာ ကျင်းပနိုင်ခဲ့သည့်အတွက် ဂုဏ်ယူကြိုဆိုပါကြောင်း တရုတ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟောင်လီက အင်္ဂါနေ့တွင် ပြောကြားသည်။

**ပြောကြား**

မြန်မာနိုင်ငံတွင် အရွေးချယ်ခံ အစိုးရ အဖွဲ့တစ်ဖွဲ့ ဖြစ်ပေါ်လာစေရေးအတွက် မြန်မာနိုင်ငံက ချမှတ်ထားသော မူဝါဒလမ်းစဉ် (၇)ရပ်တွင် နိုဝင်ဘာ ၇ရက်က ကျင်းပသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးသည် အရေးကြီးသော အစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင်နေကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပုံမှန်သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ဟောင်က ပြောကြားသည်။

**ပထမဆုံးအကြိမ်ကျင်းပ**

အဆိုပါရွေးကောက်ပွဲကြီးသည် နှစ်ပေါင်းနှစ်ဆယ်အတွင်း မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် ကျင်းပနိုင်ခဲ့သော ပါတီစုံရွေးကောက်ပွဲကြီးလည်းဖြစ်သည်။

**ပါဝင်မဲထည့်**

ယင်းရွေးကောက်ပွဲကြီးတွင် နိုင်ငံတစ်ဝန်းမှ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ပြည်သူ ၂၉သန်းခန့်က မဲရုံပေါင်း ၆၀၀၀၀ တွင် ပါဝင်မဲထည့်ခဲ့ကြသည်။

**တည်ငြိမ်ချောမွေ့**

ရွေးချယ်ခံအစိုးရတစ်ရပ်ဖြစ်ပေါ်ရေးအတွက် တည်ငြိမ်ချောမွေ့စွာ ကျင်းပနိုင်ခဲ့သော မြန်မာနိုင်ငံ၏ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကြီးသည် အရေးကြီးသောခြေလှမ်းတစ်ရပ်ဖြစ်ပြီး ကြိုဆိုအသိအမှတ်ပြုသင့်ကြောင်း ဟောင်က ပြောကြားသည်။ **(ဆင်ဟွာ)**

## ဘာဆရာမြို့တွင် ကားဗုံးခွဲတိုက်ခိုက် ၁၀ ဦးသေဆုံးပြီး ၃၅ဦးဒဏ်ရာရ

**ဘာဆရာ နိုဝင်ဘာ ၉**

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆရာမြို့အတွင်း နိုဝင်ဘာ ၈ရက်ညက ကားဗုံးခွဲတိုက်ခိုက်မှုတွင် အရပ်သားအများအပြား သေဆုံးဒဏ်ရာရသွားကြောင်း ဒေသခံရဲတပ်ဖွဲ့ သတင်းရပ်ကွက်က ပြောဆိုသည်။

**ပြောကြား**

မိမိတို့ရရှိသည့် နောက်ဆုံးသတင်းအရ ကားဗုံးခွဲမှု၌ ၁၀ဦး သေဆုံးပြီး ၃၅ဦး ဒဏ်ရာရရှိကြောင်း၊ ဗုံးခွဲသည့်အနီးနားမှ မော်တော်ကားလေးစီး ပျက်စီးသွားကြောင်း အမည်မဖော်လိုသည့် ရဲတပ်ဖွဲ့သတင်းရပ်ကွက်က ပြောကြားသည်။

**တိုက်ပွဲများဖြစ်**

အခင်းဖြစ်ရာသို့ အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များရောက်ရှိလာပြီး လုံခြုံရေး ချက်ချင်းတာဝန်ယူလိုက်ကြောင်း၊ ဘဂ္ဂဒက်မြို့၏ တောင်ဘက် ကီလိုမီတာ ၅၅၀အကွာ ဘာဆရာမြို့၌ အီရတ်လုံခြုံရေးတပ်များနှင့် ရှီးယိုက်ခေါင်းဆောင် အယ်ဆာဒါးကို သစ္စာခံသည့် ပြည်သူ့စစ်များအကြား အကြီးအကျယ် တိုက်ပွဲများ မကြာခဏ ဖြစ်ပွားလေ့ရှိကြောင်း အဆိုပါ သတင်းရပ်ကွက်က ပြောကြားသည်။

**အမ်အင်န်အေ၊ ဆင်ဟွာ**

## ကျားများအား တရားမဝင်သတ်ဖြတ်မှုကြောင့် ဆယ်စုနှစ်အတွင်း ကျား ၁၀၀၀ကျော် သေဆုံး

**လန်ဒန် နိုဝင်ဘာ ၉**

လွန်ခဲ့သော ဆယ်စုနှစ်အတွင်း ကျားသတ္တဝါများ၏ ခန္ဓာကိုယ်အစိတ်အပိုင်းများ ရောင်းဝယ်ဖောက်ကားရန် ကျားများကို တရားမဝင်သတ်ဖြတ်မှုကြောင့် ကျားကောင်ရေ ၁၀၀၀ကျော် သေဆုံးစေခဲ့ရကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အစီရင်ခံစာတစ်စောင်တွင် ရေးသားဖော်ပြသည်။

**စုံစမ်းဖော်ထုတ်**

နိုင်ငံတကာတောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းရေးအဖွဲ့များက ကျားသတ္တဝါများ တရားမဝင် အသတ်ခံနေရမှုကို စုံစမ်းဖော်ထုတ်ခဲ့ရာ ကျားသတ္တဝါများ၏ သားရေ၊ အရိုးနှင့် အခြားအင်္ဂါအစိတ်အပိုင်းများ သိမ်းဆည်းနိုင်ခဲ့ရာမှ သေဆုံးခဲ့သော ကျားကောင်ရေကို ဖော်ထုတ်နိုင်ခဲ့ကြောင်း ပြောကြားသည်။

**ကျဆင်းသွား**

လွန်ခဲ့သည့် ရာစုနှစ်အတွင်း ကမ္ဘာတစ်ဝန်းကျားကောင်ရေ တစ်သိန်းခန့်ရှိခဲ့ရာမှ ကျဆင်းသွားခဲ့ကြောင်း၊ ယခုအခါ ကျားကောင်ရေ ၃၅၀၀ခန့်သာ ကျန်ရှိတော့ကြောင်း သိရသည်။ **(အင်တာနက်)**

## အိုင်တီနည်းပညာသင်တန်းများ ထပ်မံဖွင့်လှစ်သင်ကြားမည်

**ရန်ကုန် နိုဝင်ဘာ ၉**

Myanmar WWW Institute သင်တန်းကျောင်းမှ အိုင်တီအခြေခံသင်တန်း၊ Programming အခြေခံသင်တန်းနှင့် Website ရေးဆွဲနည်း သင်တန်းများကို နိုဝင်ဘာလအတွင်း ထပ်မံဖွင့်လှစ်မည်ဖြစ်သည်။ အခြေခံပညာအထက်တန်းစာမေးပွဲ အောင်မြင်ပြီးသူများ၊ အဆင့်မြင့် အိုင်တီပညာရပ်များကို စတင်လေ့လာလိုသူများနှင့် အိုင်တီပညာရပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုလိုသူများ တက်ရောက်သင့်သော သင်တန်းများဖြစ်သည်။

**ရွေးချယ်တက်ရောက်**

အိုင်တီ အခြေခံသင်တန်းသည် လူငယ်တိုင်းတတ်မြောက်ထားသင့်သော Microsoft Windows စနစ်ကို ကျွမ်းကျင်စွာ အသုံးပြုနည်း၊ အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့် စာရိုက်နည်း၊ Power Point အသုံးပြုပြီး Presentation များ ပြုလုပ်နည်း၊ Photoshop ဖြင့် Graphic Design များ ဖန်တီးနည်း၊ Web Page ပြုလုပ်နည်းအပြင် Programming အခြေခံကို ပိုင်နိုင်စွာ နားလည်တတ်မြောက်စေရန် C++ ဘာသာဖြင့် လက်တွေ့လေ့ကျင့်ပေးမည်ဖြစ်သည်။ အင်တာနက်နှင့် အီးမေးလ် အသုံးပြုပုံတို့ကိုလည်း သင်ယူရမည် ဖြစ်သည်။ သင်တန်းကာလမှာ နှစ်လခန့် ကြာမြင့်မည်ဖြစ်ပြီး တစ်ပတ်လျှင် သုံးရက် (တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ) တစ်ချိန်နှင့် (အင်္ဂါ၊ ကြာသပတေး)တစ်ချိန်ရှိရာ အဆင်ပြေမည့်အချိန်ကို ရွေးချယ်တက်ရောက်နိုင်သည်။

**သင်ကြားပေးမည်**

Essential Programming သင်တန်းသည် Programming နည်းပညာကို အခြေခံမှ စတင်လေ့လာလိုသူများနှင့် Professional Programmer အဖြစ် ရပ်တည်လိုသူများအတွက် တက်ရောက်သင့်သော သင်တန်းဖြစ်သည်။ ကွန်ပျူတာ တက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်များသို့ တက်ရောက်နိုင်ရန် ရည်ရွယ်ထားသူများ၊ နိုင်ငံရပ်ခြားတွင် အဆင့်မြင့် အိုင်တီနည်းပညာများသင်ယူရန် ရည်ရွယ်ထားသူများ အနေဖြင့် Programming ဘာသာရပ်ကို မဖြစ်မနေ သင်ယူရမည်ဖြစ်သည်။ သင်တန်းကို Computer အခြေခံရှိသူများ တက်ရောက်နိုင်သည်။ သင်တန်းကာလမှာ နှစ်လခန့် ကြာမြင့်မည်ဖြစ်ပြီး တစ်ပတ်လျှင် သုံးရက် (တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ) ဖြစ်သည်။

Website ရေးဆွဲနည်းသင်တန်းကို ခေတ်မီဆန်းသစ်သော Website များ စနစ်တကျရေးဆွဲတတ်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်သည်။ သင်တန်းတွင် Website တစ်ခု ဖန်တီးပုံကိုအခြေခံမှစပြီး ကျွမ်းကျင်အဆင့်အထိ ရောက်အောင် သင်ကြားပေးမည်ဖြစ်သည်။ Website ရေးဆွဲနည်း Course ကို လက်တွေ့လုပ်ငန်းခွင်၌ ပြန်လည်အသုံးချနိုင်စေရန် ရေးဆွဲထားခြင်းဖြစ်ရာ လုပ်ငန်းခွင်ဝင်သည့်အခါ အခက်အခဲမရှိ ဝင်ရောက်နိုင်မည်ဖြစ်သည်။ သင်တန်းချိန်မှာ တစ်ပတ်လျှင် သုံးရက် (တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ) ဖြစ်သည်။

အဆိုပါ သင်တန်းသုံးမျိုးလုံးကို တန်းခွဲတစ်ခုလျှင် သင်တန်းသား ၁၀ဦးသာ ကန့်သတ်ထားရာ တက်ရောက်လိုသူများ ကြိုတင်စာရင်း ပေးသွင်းကြရမည် ဖြစ်သည်။ သင်တန်းကို Myanmar WWW Institute တည်ရှိရာ အဆောင် ၅ အခန်း၄ မြန်မာအင်ဖိုတက်ခ် လှိုင်တက္ကသိုလ်နယ်မြေ ရန်ကုန်မြို့၌ ဖွင့်လှစ်သွားမည်ဖြစ်ပြီး အသေးစိတ်ကို ဖုန်း-၆၅၂၂၈၈၊ ၅၂၁၁၂၅နှင့် ၆၅၂၂၅၈တို့သို့ စုံစမ်းနိုင်သည်။ **(သတင်းစဉ်)**


## ဉာဏ်ရည်မမီသူများ အားကစားပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၉**

၂၀၁၀ခုနှစ် မြန်မာနိုင်ငံလုံးဆိုင်ရာ ဉာဏ်ရည်မမီသူများ အားကစားပြိုင်ပွဲကို နိုဝင်ဘာ ၁၇ရက်နှင့် ၁၈ရက်တို့တွင် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးကွင်း (သုဝဏ္ဏ)၌ ကျင်းပမည်ဖြစ်သည်။

**ဆက်သွယ်စုံစမ်းနိုင်**

ပြိုင်ပွဲအသီးသီးအတွက် အမည်စာရင်းများကို နိုဝင်ဘာ ၁၂ရက် အရောက် မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်သို့ ပေးပို့ရမည်ဖြစ်သည်။ အသင်းအုပ်ချုပ်သူနှင့် နည်းပြများ ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ၁၆ရက် ညနေ ၃နာရီတွင် အဖွဲ့ချုပ်ရုံးခန်း၌ ကျင်းပမည်ဖြစ်ကြောင်း၊ အသေးစိတ်သိရှိလိုပါက အဖွဲ့ချုပ်ရုံး အောင်ဆန်းအားကစားကွင်း အထူးတန်း ဖုန်း-၀၁-၃၈၂၄၅၅သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**မြေနီခင်း**

စက်တင်ဘာ ၂၁ရက်က ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့်အဖွဲ့ ပန်းတောင်းမြို့နယ် ဒန့်ဒလွန်-မြောင်ရှည်လမ်း မြေနီခင်းခြင်းလုပ်ငန်းကို ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးစိုးမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသီဟဖြိုးကျော်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

## နိုင်ငံတစ်ဝန်း အောက်တိုဘာလအတွင်း မီးလောင်မှု အကြိမ်(၅၀) ဖြစ်ပွား

**ရန်ကုန် နိုဝင်ဘာ ၉**

အောက်တိုဘာလအတွင်း နိုင်ငံတစ်ဝန်း၌ မီးလောင်မှုအကြိမ် (၅၀) ဖြစ်ပွားခဲ့ပြီး မီးဖိုမီး/ပေါ့ဆမီး (၄၂)ကြိမ် အလိုအလျောက်မီး တစ်ကြိမ်၊ လျှပ်စစ်မီး ငါးကြိမ်နှင့် မသမာသူ ရှို့မီး နှစ်ကြိမ်တို့ ပါဝင်သည်။

**ဒဏ်ရာရ**

မီးလောင်မှုကြောင့် အိမ်ခြေအဆောက်အအုံ ၁၄၁လုံး မီးလောင်ခံရပြီး မီးဘေးဒုက္ခသည် ၃၃၀တို့ အိုးမဲ့အိမ်မဲ့ ဖြစ်ကာ ၇၈ဦးသေ၊ ၂၇ဦး ဒဏ်ရာရခဲ့သည်။

မီးလောင်မှုအကြိမ် (၅၀)တွင် မီးဖိုမီး အပါအဝင် ပေါ့ဆမီး (၄၂)ကြိမ် ပါဝင်သဖြင့် မီးကိုမဆင်မခြင်ပေါ့ဆစွာ သုံးစွဲမှုကြောင့် ဖြစ်ပွားခဲ့သော မီးလောင်မှုများသည် မီးလောင်မှုအကြိမ် စုစုပေါင်း၏ ၈၄ ရာခိုင်နှုန်းခန့် ပါဝင်သည်ကို တွေ့ရှိရသည်။

**စိစစ်တွေ့ရှိ**

မီးလောင်မှုအကြိမ်များကို ပြည်နယ်/တိုင်းဒေသကြီးများအလိုက် ဆန်းစစ်ကြည့်ရာ မန္တလေးတိုင်းဒေသကြီး၌ အများဆုံး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး၌ ဒုတိယအများဆုံးနှင့် မကွေးတိုင်းဒေသကြီး၌ တတိယအများဆုံး ဖြစ်ပွားခဲ့သည်ကို စိစစ်တွေ့ရှိရသည်။

**ဆုံးရှုံး**

မီးလောင်ဆုံးရှုံးမှုအနေဖြင့် ကချင်ပြည်နယ်၌ အများဆုံး၊ ဧရာဝတီတိုင်းဒေသကြီး၌ ဒုတိယအများဆုံးနှင့် မန္တလေးတိုင်းဒေသကြီး၌ တတိယအများဆုံး ဆုံးရှုံးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့ သာယာလှပရေးအတွက် အဓိကလမ်းမကြီးဖြစ်သော စိုက်ပျိုးရေးလမ်း လမ်းပေါက်ဖာထေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မင်း အောက်တိုဘာ ၂၅ရက်တွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်ချိုက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ရက်၊ ၂၀၁၀ခုနှစ်၊ နိုဝင်ဘာ ၁၁ရက်၊ ကြာသပတေးနေ့၊ အတွဲ(၅၀)၊ အမှတ်(၄၂)



**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။


## အာဆီယံအသင်းကြီးအနေဖြင့် မြန်မာနိုင်ငံအား ထောက်ခံသွားရန်အသင့်ရှိ

# မြန်မာနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ အာဆီယံဥက္ကဋ္ဌက ကြေညာချက်ထုတ်ပြန်

နေပြည်တော်   နိုဝင်ဘာ   ၁၀

**မြန်မာနိုင်ငံ၌ ၂၀၁၀ခုနှစ် နိုဝင်ဘာ (၇)ရက်တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ အာဆီယံဥက္ကဋ္ဌ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံက နိုဝင်ဘာ (၈)ရက်တွင် ကြေညာချက်တစ်စောင် ထုတ်ပြန်လိုက်သည်။**

**အဆိုပါ ကြေညာချက်မှာ အောက်ပါအတိုင်းဖြစ်သည် -**

၂၀၁၀ခုနှစ် နိုဝင်ဘာ (၇)ရက်က ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲသည် မြန်မာနိုင်ငံတွင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် ချမှတ်ထားသော မူဝါဒလမ်းစဉ် (၇)ရပ်ကို အကောင်အထည်ဖော်နိုင်ရန် အရေးကြီးသော တိုးတက်မှု ခြေလှမ်းတစ်ရပ်အဖြစ် အာဆီယံအသင်းကြီးက ကြိုဆိုလိုက်ပါသည်။

### အလေးအနက်ထား

အာဆီယံအနေဖြင့် မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားရန် တိုက်တွန်းပါသည်။ မြန်မာနိုင်ငံအနေဖြင့် ယင်းလုပ်ငန်းစဉ်တွင် ကမ္ဘာ့ကုလသမဂ္ဂ၊ အာဆီယံတို့နှင့်အတူ ဆက်လက် ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်မှုကို အာဆီယံအသင်းကြီးက အလေးအနက်ထားပါသည်။

### ထောက်ခံသွားရန်အသင့်ရှိ

လိုအပ်ပါက အာဆီယံပဋိညာဉ်နှင့်အညီ မြန်မာနိုင်ငံအား ထောက်ခံသွားရန် အာဆီယံအသင်းကြီးအနေဖြင့် အသင့်ရှိပါသည်။ **(သတင်းစဉ်)**

# China welcomes Myanmar's smooth general election

BEIJING, 9 Nov—China welcomes Myanmar's smooth general election, Foreign Ministry Spokesman Hong Lei said on Tuesday.

The election, which concluded on Sunday, was a vital part in Myanmar's seven-step roadmap in its transition to an elected government, Hong told a regular news briefing.

The election was the first multi-party one in Myanmar in two decades.

Some 29 million voters across the country cast ballots at 60,000 polling stations.

*MNA/Xinhua*



*Foreign Ministry Spokesman Hong Lei*—XINHUA

## Car bombs kill 15, including Iranians, in Iraq

BAGHDAD, 9 Nov— Three car bombs killed at least 15 people in Iraq on Monday, including two attacks targeting Iranian pilgrims, as political leaders met to try to break an eight-month deadlock over a new government.



*File photo shows an Iraqi SWAT team in the southern city of Karbala. A car bomb exploded in the holy city of Karbala in central Iraq on Monday killing at least 10 people and wounding 38, a number of them Iranian pilgrims, police and hospital officials said.*— INTERNET

Two of the bombs targeted Iranian pilgrims in Iraq's holy Shi'ite cities of Kerbala and Najaf, killing at least 10 people, while a third struck a bustling street of shops and restaurants in Iraq's southern oil hub of Basra.

The deputy head of Basra's provincial council, Ahmed al-Sulaiti, and an Iraqi Army source both put the toll from the Basra explosion at five killed and 42 wounded.

The Iraqi Army source had initially said 12 people were dead.

"The explosion was caused by a car bomb which killed five people and wounded 42," Sulaiti told *Reuters*, adding these were initial figures.

"This explosion is linked to the explosions in Najaf and Kerbala, and we accuse those groups from al-Qaeda and the Ba'athists."

A source at Basra's operations command said the explosion had been caused by a bomb attached to a truck. The head of police in Basra, Major General Adil Daham, said the explosion had been caused by a suicide car bomber.

*MNA/Reuters*

## Pakistan says two US drone strikes kill 14 militants

PESHAWAR, 9 Nov— A pair of American drone strikes killed 14 suspected militants in northwestern Pakistan on Sunday, local intelligence officials said, in the latest attacks against al-Qaeda and Taleban militants seeking sanctuary in the region.

The missiles struck an hour apart in the North Waziristan — the area that has seen the overwhelming majority of drone strikes over the last two months.

The rugged region is home to hundreds of Pakistani and foreign militants, many belonging to or allied with al-Qaeda and the Taleban.

In the first strike, one American missile slammed into a house and another hit a vehicle in the town of Ghulam Khan just north of Miran Shah, the main town in North Waziristan, the two officials said.

Nine insurgents were killed.

An hour later, another pair of missiles struck a vehicle in the nearby town of Datta Khel, killing five suspected militants, the officials said, speaking on condition of anonymity because they weren't authorized to talk to the media.

They said all five killed were foreigners. Further details were not immediately available. The intelligence officials said agents on the ground were collecting more details.

*Internet*

## Blast rocks S Afghan town, kills one, wounds four

LASHKARGAH, 9 Nov — A bomb blast rocked Lashkar Gah the capital of Helmand Province in south Afghanistan Monday, leaving one person dead and wounding four others, all civilians, spokesman for provincial administration Daud Ahmadi said.

"The militants planted a mine next to a shop in a market and detonated it by remote control at 01:00 am local time as a result one civilian was killed and four others sustained injuries," Ahmadi told *Xinhua*. He also blamed the enemies of peace, a term used against Taleban militants, but the outfit has not to make comment yet.

*Xinhua*

*Gamers watch a StarCraft match between Young-Ho Lee, of South Korea, and Patrick Moeller, of Germany, at the 10th annual World Cyber Games in Los Angeles recently.*
INTERNET





*Policemen arrest suspected militants during a predawn raid operation at an area west of Tikrit, 150 km (95 miles) north of Baghdad, on 8 Nov, 2010. Police forces arrested 18 suspected militants, a police source said.*— INTERNET

## Troops kill 15 militants in S Afghanistan

KABUL, 9 Nov — Afghan and the NATO-led troops during a joint operation eliminated 15 Taleban militants in southern Kandahar Province, a statement released by provincial administration on Monday said. "The joint Afghan and Coalition forces operation launched yesterday early morning and continued for 14 hours had led to the killing 15 anti-government mili-tants in Arghistan and Maruf Districts of Kandahar Province," the statement added.

The troops had also taken into custody 12 suspected militants along with 12 motorbikes and three Kalashnikovs, the statement further said. Taleban militants fighting Afghan and NATO-led troops have yet to make comment.

*Xinhua*

Established 1914

# The NEW LIGHT OF MYANMAR

Volume XVIII, Number 204 5th Waxing of Tazaungmone 1372 ME Thursday, 11 November, 2010

## ASEAN stands ready to assist Myanmar

## ASEAN Chairman issues statement on Myanmar General Elections

NAY PYI TAW, 10 Nov — *ASEAN Chairman, the Socialist Republic of Vietnam, on 8 November issued a statement on Multiparty Democracy General Elections held in Myanmar on 7 November 2010.*

The statement is as follows:

"ASEAN welcomes the General Elections held on 7 November 2010 in Myanmar as a significant step forward in the implementation of the seven-step Roadmap for Democracy.

ASEAN encourages Myanmar to continue to accelerate the process of national reconciliation and democratization, for stability and development in the country. ASEAN also stresses the need for Myanmar to continue to work with ASEAN and the UN in this process.

ASEAN stands ready to assist Myanmar if required and in accordance with the ASEAN Charter." *—MNA*

### Four political objectives

* Stability of the State, community peace and tranquillity, prevalence of law and order
* National reconsolidation
* Emergence of a new enduring State Constitution
* Building of a new modern developed nation in accord with the new State Constitution

### Four economic objectives

* Development of agriculture as the base and all-round development of other sectors of the economy as well
* Proper evolution of the market-oriented economic system
* Development of the economy inviting participation in terms of technical know-how and investments from sources inside the country and abroad
* The initiative to shape the national economy must be kept in the hands of the State and the national peoples

### Four social objectives

* Uplift of the morale and morality of the entire nation
* Uplift of national prestige and integrity and preservation and safeguarding of cultural heritage and national character
* Uplift of dynamism of patriotic spirit
* Uplift of health, fitness and education standards of the entire nation

## Pyithu Hluttaw representatives-elect announced

NAY PYI TAW, 10 Nov — *The Union Election Commission issued Notifica-*

| | | | |
|---|---|---|---|
| 21. U Aung Kyi | 12/LaKaNa (N) 029719 | Mingala Taungnyunt | USDP |
| 22. Daw Tin Nwe Oo | 12/MaYaKa (N) 061576 | Dagon Myothit (North) | NDF |
| 23. Dr Win Myint | 12/KaTaTa (N) 004731 | Hline | USDP |
| 24. U Soe Win | 12/SaKhaNa (N) 014298 | Sangyoung | NDF |
| 25. Dr Maung Maung Wint | 12/BaHaNa (N) 008155 | Bahan | USDP |